# ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ (2-3-2011) (၆၆၉၁)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးတွင် အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများ တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိ သီးနှံစိုက်စွမ်းအား မြင့်မားလာသည်နှင့်တူ တစ်နိုင်ငံလုံး စပါးအထွက် တင်းသန်း ၁၅၀၀ ခန့် ထွက်ရှိနေပြီဖြစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၁၁ ခုနှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများ ခင်ဗျား-**

ယနေ့သည် တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသတ်မှတ်ထားသည့် **"တောင်သူလယ်သမားနေ့"** ဖြစ်ပါသည်။ ဤကဲ့သို့သောရက်မြတ်မင်္ဂလာတွင် တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြလျက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာစေရန် တည်ဆောက်လျက်ရှိပါသည်။

အဆိုပါ ရည်မှန်းချက်အောင်မြင်စေရေးအတွက် အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားရေးသည် အခြေခံကျလျက်ရှိပါသည်။ အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားစေရန် နိုင်ငံသားတို့၏ ပင်ရင်းလက်ငုတ်ဖြစ်သော လယ်ယာကဏ္ဍသည် အလေးထားမြှင့်တင်ရမည့် ကဏ္ဍ ဖြစ်ပေသည်။

ထို့ကြောင့် စိုက်ပျိုးရေးကိုအခြေခံလျက် အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အထူးအလေးထား ဆောင်ရွက်ခဲ့ပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေ၊ မြေ သယံဇာတများကို အစွမ်းကုန်ဖော်ထုတ်အသုံးချ၍ စိုက်ပျိုးမြေတိုးချဲ့ရေးနှင့် သီးနှံစိုက်စွမ်းအား တိုးတက်စေရေးတို့ကို နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိပါသည်။ ထို့အပြင် မျိုးကောင်း မျိုးသန့်များ၊ စိုက်ပျိုးရေးနည်းပညာများနှင့် မြေဩဇာများအသုံးပြုလျက် စက်မှုလယ်ယာ စနစ်ကိုပါ အားပေးကာ သီးနှံအထွက်နှုန်း တိုးတက်စေရန်နှင့် သီးနှံအရည်အသွေးမြင့်မားစေရန်လည်း နိုင်ငံတော်က စီမံပံ့ပိုးပေးလျက်ရှိပါသည်။

အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးတွင် အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကို ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံ၍ တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိပါသည်။

ထို့ကြောင့် ၁၉၈၈ ခုနှစ်မှစ၍ ယခုအချိန်အထိ ဆည်တာတမံပေါင်း ၂၃၃ ခုကို နိုင်ငံတော်ဘဏ္ဍာငွေကျပ်သန်းပေါင်း ၂၉၈၅၅၇ သုံးစွဲ၍ တည်ဆောက်ပေးခဲ့ပြီး လယ်ယာမြေဧက ၂ ဒသမ ၈ သန်းကျော်ကို အကျိုးပြုစေလျက်ရှိပါသည်။ ဆက်လက်၍ ဆည်တမံစီမံကိန်းပေါင်း ၃၀ ခုကိုလည်း တည်ဆောက်နေဆဲဖြစ်ပါသည်။

စိုက်ပျိုးရေရရှိရေးလုပ်ငန်းတွင် မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံအနှံ့ မြစ်ရေတင်လုပ်ငန်းပေါင်း ၃၂၇ ခု ရှိလာခဲ့ပြီး တစ်ကွင်းတစ်စပ်တည်း လယ်ယာမြေဧက ငါးသိန်းခန့်ကို အကျိုးပြုလျက်ရှိနေပြီ ဖြစ်ပါသည်။ မြေအောက်ရေ ရရှိရေးအတွက် အဝီစိတွင်း ၈၂၅၃ ခုနှင့် ကျေးလက်ဆည်ငယ်၊ ကန်ငယ် ၁၀၂၃ ခုတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။

ယင်းသို့ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေရရှိရေးကို ဘက်ပေါင်းစုံမှ ကြံဆ၍ နိုင်ငံနှင့်အဝန်း စီမံဆောင်ရွက်ပေးခဲ့သဖြင့်လည်းကောင်း၊ ပလပ်မြေများ၊ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်စိုက်ပျိုးစေခြင်းကြောင့်လည်းကောင်း၊ ရွှေ့ပြောင်းတောင်ယာများအား လှေကားထစ်လယ်ယာများအဖြစ် ပြောင်းလဲဆောင်ရွက်သည့် ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့်လည်းကောင်း၊ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရန် အဘက်ဘက်မှ ပံ့ပိုးကူညီပေးခြင်းကြောင့်လည်းကောင်း တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးနိုင်မှု အခြေအနေကောင်းများ ဖြစ်ထွန်းလာပြီး သီးနှံစိုက်စွမ်းအားမှာ ၁၇၁ ရာခိုင်နှုန်းကျော်အထိ မြင့်မားလာသည့်နည်းတူ အသားတင်စိုက်ဧကမှာ ၃၄ သန်းခန့်အထိ တိုးတက်လာခဲ့ပြီဖြစ်ပါသည်။ ထို့အပြင် ၁၉၈၈ ခုနှစ်၌ တစ်နိုင်ငံလုံး စပါးအထွက် တင်းသန်း ၆၀၀ ကျော်ထွက်ရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး စပါးအထွက် တင်းသန်း ၁၅၀၀ ခန့် ထွက်ရှိနေပြီဖြစ်ပါသည်။

ထိုသို့ တိုးတက်များပြားလာသည့် စိုက်ပျိုးမြေများတွင် ရာသီအလိုက် အချိန်ကိုက် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် လိုအပ်လာသည်နှင့်အညီ နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကပိုင်းတို့က လယ်ယာသုံးစက်ကိရိယာများကို လိုအပ်ချက်ပြည့်မီသည်အထိ တိုးတက်ထုတ်လုပ်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် ယှဉ်တွဲလျက် ကျေးလက်စီးပွား တိုးတက်ဖြစ်ထွန်းစေရေးအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅) ရပ်ကို ချမှတ်၍ တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ကြောင့် ယခုအခါတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ မြင့်မားစွာဖြင့် ပုံမှန်တိုးတက်လျက်ရှိနေပြီ ဖြစ်ပါသည်။

ထို့အပြင် ယခုအခါ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်ကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နေပြီဖြစ်၍ ပြည်သူ့ကိုယ်စားလှယ်များဖြင့် လွှတ်တော်များကို ခေါ်ယူကျင်းပလျက်ရှိနေပြီ ဖြစ်ပါသည်။ မကြာမီကာလတွင် ပြည်ထောင်စုလွှတ်တော်က ရွေးကောက်၊ အတည်ပြုပေးသော အစိုးရအဖွဲ့သစ် ပေါ်ပေါက်လာတော့မည် ဖြစ်ပါသည်။ ဤနည်းအားဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်အာဏာကို မူလပိုင်ရှင်ဖြစ်သော ပြည်သူတို့ထံ လွှဲပြောင်းပေးမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အဓိက အင်အားထုကြီးတစ်ရပ်ဖြစ်သော တောင်သူလယ်သမားကြီးများကလည်း ပေါ်ပေါက်လာသော အစိုးရအဖွဲ့နှင့်အတူ နိုင်ငံတော်အား ဝိုင်းဝန်းတည်ဆောက်ကြပါရန် ချစ်ကြည်လေးစားစွာ ပန်ကြားအပ်ပါသည်။

## ၂၀၁၁ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံ The Mirror

၂-၃-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

# လယ်ယာထွက်ကုန်သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်

၂၀၁၁ ခုနှစ် မတ်လ ၂ ရက် (ယနေ့)သည် တောင်သူလယ်သမားနေ့ ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံနှင့်အဝန်း ကြီးမား ကျယ်ပြန့်လှသည်။ နိုင်ငံ၏စီးပွားရေး တိုးတက်ဖြစ်ထွန်းမှုကို အထောက် အကူပြုလျက်ရှိသည်။ လယ်ယာကုန်ထုတ်လုပ်ငန်းမှ နိုင်ငံ့စားနပ်ရိက္ခာပြည့်စုံ ဖူလုံရေး စွမ်းဆောင်နေကြသည့် တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသည့် အနေဖြင့် **တောင်သူလယ်သမားနေ့** အဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။

တစ်နိုင်ငံလုံး အလုပ်လုပ်သူဦးရေ၏ အများစုသည် တောင်သူလယ်သမား များဖြစ်သည်။ နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းကျော်သော ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး မြှင့်တင်ဖော်ဆောင်ပေးနေသည်။ လယ်ယာ စိုက်ပျိုးရေးကဏ္ဍ တစ်ခေတ်ဆန်းသစ်လာစေရန် လိုအပ်ချက်များကို ဖြည့်ဆည်း တည်ဆောက်ပေးနေပြီ။ လယ်ယာထွက်ကုန်သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ် နိုင်ရေး အားပေးကူညီလျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် ဆည်တမံရေထိန်းတံခါးပေါင်း နှစ်ရာကျော်တည်ဆောက်ပေးထားပြီ။ မြစ်ရေတင်လုပ်ငန်းပေါင်း သုံးရာကျော်၊ ကျေးလက်ဆည်ငယ်၊ ကန်ငယ်များနှင့် မြေအောက်ရေတွင်းပေါင်း ရှစ်ထောင်ကျော်တို့ကို တည်ဆောက်တူးဖော် ပေးထားရာ စိုက်ပျိုးမြေဧရိယာဧက ၅၆ သန်းကျော်အထိ စိုက်ပျိုးနိုင်နေကြပြီ။

နိုင်ငံတော်က သီးနှံစိုက်ပျိုးထုတ်လုပ်မှုလိုအပ်ချက် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးအတွက် စိုက်ပျိုးရေရရှိရေးအစီအမံများ ဖော်ဆောင် ပေးနေသကဲ့သို့ အထွက်တိုးမျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးရေးကူညီ လျက်ရှိသည်။ စိုက်နည်းစနစ်မှန်ကန်ရေး၊ သီးနှံလေလွင့် ပျက်စီးဆုံးရှုံးမှု နည်းပါးရေးတို့အတွက် ပညာပေးပြသကူညီလျက်ရှိသည်။ တောင်သူလယ်သမားကြီး များအနေဖြင့် မြေယာသစ်များ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးပြီး သီးနှံအလိုက် တစ်ဧကအထွက်နှုန်းတိုးတက်ရေး ဆက်လက်အားထုတ်ကြရပေမည်။

ယနေ့ကာလတွင် မြေလွတ်မြေရိုင်းများ၊ ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်စိုက်ပျိုးနေကြပြီ။ စိုက်ပျိုးရေးအထူးဇုန်များ ဖော်ထုတ်၍ မိုးစပါး၊ နွေစပါးနှင့် သီးနှံစုံစိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းနေကြပြီ။ တစ်နိုင်ငံလုံး တွင် မိုးစပါးဧက ၁၆ သန်းကျော်၊ နွေစပါးဧက သုံးသန်းကျော် စိုက်ပျိုး လျက်ရှိရာ တစ်နှစ်စပါးအထွက် တင်းသန်းပေါင်း ၁၅၀၀ ကျော် ရှိနေပြီ ဖြစ်သည်။

ဆန်စပါးထုတ်လုပ်မှုသည် နိုင်ငံလူဦးရေနှင့်စားသုံးမှု အခြေအနေအရ ဖူလုံပိုလျှံမှုရှိနေပြီ။ အခြားသော ဆန်စပါးထွက်ရှိတင်ပို့မှုအားကောင်းသော နိုင်ငံများကဲ့သို့ တိုးတက်ထုတ်လုပ်နိုင်ရေးကြိုးပမ်းကြရပေဦးမည်။ တောင်သူ လယ်သမားကြီးများအားလုံးက ဆန်စပါးနှင့် ဈေးကွက်ရှိသော သီးနှံများ တိုးတက်ထွက်ရှိ ထုတ်လုပ်နိုင်ရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွား ကြရမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာ့လူ့အဖွဲ့အစည်းကို နိုင်ငံတကာအဆင့်မီ ပညာလွှမ်းမိုးသောလူ့အဖွဲ့အစည်းအဖြစ်မြှင့်တင် ခေတ်မီဖွံ့ဖြိုးသောနိုင်ငံတော်အဖြစ် ရေရှည်ဖြစ်ထွန်းနေစေရန် ပညာရေးကဏ္ဍက ဖော်ဆောင်

နေပြည်တော် မတ် ၁

**တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၅) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးညီထွန်းနှင့် ဦးကျော် အောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး များနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ တက်ရောက် ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကိုယ်စား ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက အမှာစကားပြောကြားရာတွင် ယနေ့ ကာလ နိုင်ငံတကာအခြေအနေကိုကြည့်လျှင် ပညာရေးကို ဗဟိုပြုပြီး လူ့ဘောင် အဖွဲ့အစည်း၏ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုကို စွမ်းဆောင်နေသည့် ပညာခေတ်သို့ ကူးပြောင်းနေချိန်ဖြစ်၍ မိမိတို့လူ့အဖွဲ့အစည်းကိုလည်း ပညာရေးကို မဏ္ဍိုင်ပြုပြီး တည်ဆောက်သွားမှသာ အနာဂတ်နိုင်ငံတော်ကြီး ရေရှည်ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်မည်ဖြစ်ကြောင်း။

### ပဓာနလိုအပ်ချက်

အခုကဲ့သို့ သိပ္ပံနှင့်နည်းပညာက ဦးဆောင်ပြီး အစစအရာရာ ပြောင်းလဲတိုးတက် နေသည့် အချိန်ကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံသူ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု အခြေခံကောင်း များနှင့်အတူ အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းရေးသည် ပဓာနကျသော လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အစိုးရအနေဖြင့် မိမိနိုင်ငံသူ နိုင်ငံသားများ နိုင်ငံတကာအဆင့်မီပညာရည်မြင့်မားရေး၊ အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးတို့အတွက် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည် စီမံကိန်းကို ဦးတည်ချက်(၁၂)ရပ်ဖြင့် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း။

အခုကဲ့သို့ချမှတ်ထားသည့် အဆင့်မြင့်ပညာကဏ္ဍ ဦးတည်ချက်များကို အောင်မြင် စေရန်ဖော်ဆောင်ရင်း မိမိတို့မြန်မာ့လူ့အဖွဲ့အစည်း၏ ရှိရင်းစွဲအခြေခံကောင်းများကို နိုင်ငံတကာအဆင့်မီ ပညာလွှမ်းမိုးသော လူ့အဖွဲ့အစည်းအဖြစ် မြှင့်တင်ပြီး တစ်ချိန်တည်း တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ရေရှည်ဖြစ်ထွန်းနေစေရန် ပညာရေး ကဏ္ဍက အထောက်အကူပြု ဖော်ဆောင်သွားကြရမှာဖြစ်ကြောင်း။

### သတိနှင့်ယှဉ်

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၊ မိမိလူမျိုး ရှင်သန်ရပ်တည်နိုင်ရေး အတွက် အချိန်နှင့်အမျှ ကြိုးပမ်းဆောင်ရွက်နေကြသည့်မြင်ကွင်းကို တွေ့ရှိရမည်ဖြစ် ကြောင်း၊ သိပ္ပံနှင့်နည်းပညာရပ်များ၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ ၏ တိုးတက်ပြောင်းလဲမှုနှင့်ယှဉ်ပြီး တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ် ပြောင်းလဲနေချိန်တွင် အခုကဲ့သို့ ခေတ်မီသိပ္ပံနှင့် နည်းပညာတိုးတက်မှုများဖြင့် တစ်ပြေးညီလိုက်ပါနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်သကဲ့သို့ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးရပ်တည်ချက်၊ အမျိုးသားရေး အကျိုးစီးပွားနှင့် အမျိုးသားရေးလက္ခဏာများ တိမ်းပါးယိုယွင်းမသွား စေရန် သတိနှင့်ယှဉ်ပြီး ထိန်းသိမ်းစောင့်ရှောက်ရမည့် အချိန်အခါလည်း ဖြစ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍစုံတွင် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ နိုင်ငံတကာနှင့်တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းစေရန်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ တိုးပွားများပြား ပေါ်ထွန်းစေရန် ကြိုးစားအားထုတ်သွားကြရမည် ဖြစ်ကြောင်း၊ ထို့အပြင် မျက်မှောက်ကာလအတွက်သာမက အနာဂတ်ကိုပါမျှော်မှန်း သည့် သိပ္ပံနှင့်နည်းပညာရပ်များ၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ ကျွမ်းကျင်ထက်မြက် ကြသော ပညာရှင်များ ထုထည်ပမာဏကြီးမားစွာ ဖြစ်ထွန်းလာစေရန် ကြိုတင်မျှော်မှန်း ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

### အရည်အသွေးကောင်း

တစ်ချိန်တည်းမှာပင် နှိုင်းဆချင့်ချိန် တွေးခေါ်မြော်မြင်နိုင်မှု၊ ဆင်ခြင်တုံတရား မြင့်မားမှု၊ စိတ်ဓာတ်ရေးရာစွမ်းအားခိုင်မာမှု၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းကာကွယ် စောင့်ရှောက်မြှင့်တင်နိုင်မှု အရည်အသွေးကောင်းများပြည့်စုံသည့် အသိပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

**“ပညာရေးကဏ္ဍသည် အမျိုးသားရေးလက္ခဏာနှင့် အစဉ်ယှဉ်တွဲနေသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အမျိုးသားစီးပွားရေး စွမ်းအင်ဖွံ့ဖြိုးရေးသည်လည်း အမျိုးသားပညာရည် တိုးတက်မြင့်မားမှုအပေါ်တွင် တည်မှီ နေမည်”ဟု မိန့်ကြားခဲ့ကြောင်း။**

### ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့တပည့်များကို အမျိုးသားစီးပွားရေးစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး ကို စွမ်းဆောင်နိုင်မည့် အရည်အချင်း၊ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်း အမြစ်များအဖြစ် ပြုစုပျိုးထောင်ပေးသည်သာမက အမျိုးဂုဏ်၊ ဇာတိဂုဏ် ထက်သန်ပြီး ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်စေရန် အမျိုးသားပညာရည်မြင့်မားမှုမှ တစ်ဆင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် အဖွဲ့ဝင်များသည် သင်တန်း သား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တက္ကသိုလ်နှင့် ကောလိပ် ဆရာ၊ ဆရာမ သင်တန်းသား၊ သင်တန်းသူ ၅၃၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအောင်မျိုးမင်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၅) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

## (၂၆၆)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်

**ရန်ကုန် မတ် ၁**

(၂၆၆) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း(၁၀၀၀)**

ဆ-၂၅၈၇၀၃

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)**

စ-၅၉၅၈၅၂

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ**

ဌ-၈၁၈၃၀၃
ဗ-၄၆၅၂၅၂

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ**

တ-၅၀၀၁၆၉
ဃ-၈၀၇၄၁၄
ဍ-၈၃၄၂၃၅
ဃ-၈၂၆၂၂၄

**ကျပ်သိန်း(၁၀၀)ယူနစ်(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ**

| | |
|---|---|
| ဃ-၁၉၀၀၀၃ | ဃ-၂၆၀၆၇၄ |
| ည-၉၅၃၅၀၁ | ဘ-၁၉၅၈၀၆ |
| ဈ-၈၃၇၂၇၂ | င-၁၈၃၂၀၆ |
| ဂ-၆၈၅၈၄၈ | ဇ-၉၆၆၁၆၁ |
| တ-၄၈၀၅၂၇ | ထ-၅၆၀၇၈၄ |
| ဒ-၇၈၃၀၂၅ | ထ-၄၆၆၄၉၄ |
| ဘ-၈၉၁၇၀၄ | ပ-၃၃၂၁၈၅ |




☆ ကျောဖုံးမှ

(ဂ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ/မရှိ၊
(ဃ) နိုင်ငံတော် တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့် အချက်များပါဝင်ခြင်း ရှိ/မရှိ၊
(င) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ/မရှိ၊
(စ) အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ/မရှိ၊
(ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများပါဝင်ခြင်း ရှိ/မရှိ၊
(ဇ) ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များ ရောထွေးခြင်း ရှိ/မရှိ၊
(ဈ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရ ရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်း ရှိ/မရှိ နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးခြင်း ရှိ/မရှိ၊
(ည) သက်ဆိုင်ရာဥပဒေနှင့် စပ်ဆိုင်သော မူပိုင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာပါရှိခြင်း ရှိ/မရှိ၊
(ဋ) ဥပဒေပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အခြေအနေ ရှိ/မရှိ၊
(ဌ) ဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်း ရှိ/မရှိ၊

(၂) ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယက က ဖွဲ့စည်းသော ဥပဒေကြမ်း ပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။
(၃) ကော်မတီသည် ပြည်သူ့လွှတ်တော်က အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။
(၄) ကော်မတီသည် ဥပဒေကြမ်းများကို အသေးစိတ်ဆွေးနွေးစဉ်းစားရာ၌ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့် နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင်-
(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို။
(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။
(ဂ) ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။
(၅) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ ပြည်သူ့လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ်တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်ဟူ၍ ဖြစ်သည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ-**

(၁) ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။
(၂) ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍-
(က) နိုင်ငံတော်နှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။
(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို စိစစ်၍ ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။
(ဂ) ပြင်ဆင်ရန် အကြံပြုချက်များကို ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။
(ဃ) ခေတ်နှင့် မလျော်ညီသော အရေးအသား၊ အသုံးအနှုန်းများကို ဥပဒေရှုထောင့်မှ ပြင်ဆင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။
(၃) အပိုဒ် ၂ အရ ကော်မတီ၏တင်ပြချက်နှင့် အကြံပြုချက်များသည် ဥပဒေကြမ်းတွင် ပါရှိသည့်ကိစ္စနှင့် စပ်လျဉ်းသော တင်ပြချက်၊ အကြံပြုချက်များ ဖြစ်ရမည့်အပြင် ထိုဥပဒေကြမ်း၏သဘောတွင် အကျုံးဝင်သော တင်ပြချက်၊ အကြံပြုချက်များလည်း ဖြစ်ရမည်။
(၄) ဥပဒေကြမ်းကို ကော်မတီတွင် ဆွေးနွေးစဉ်းစားပြီးဖြစ်ပါက-
(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။
(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီကသဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။
(ဂ) ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် သဘာပတိတာဝန်ထမ်းဆောင်သော ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း လက်မှတ်ရေးထိုး တင်ပြနိုင်သည်။
(ဃ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဥပဒေကြမ်းကို ကော်မတီသို့ လွှဲအပ်သည့်နေ့မှ စ၍ ခုနစ်ရက်အတွင်း (ရုံးပိတ်ရက်များ မပါ)ကော်မတီ၏အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။
(င) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။
(စ) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်း ခံရသူသည် ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရမည်။
(၅) ကော်မတီဝင်များသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။
(ခ) ပြည်သူ့လွှတ်တော်၏ လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။
(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

**ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။**
(သတင်းစဉ်)

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ-**

(၁) ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌သော်လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။
(၂) ကော်မတီဝင်များသည်-
(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။
(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။
(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ဇင်းနောက် ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန် အစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် အစည်းအဝေးကို ပြန်လည်စတင်ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ ၃၃ နှင့် ၄၀ တို့အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။

ယနေ့ တင်ပြသည့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်များမှာ-

| | | |
|---|---|---|
| (၁) | ဒေါ်နန်းဝါနု | ကွန်ဟိန်းမဲဆန္ဒနယ် |
| (၂) | ဦးသောင်း | မော်လိုက်မဲဆန္ဒနယ် |
| (၃) | ဦးဘရှိန် | ကျောက်ဖြူမဲဆန္ဒနယ် |
| (၄) | ဦးငွန်မောင်း | ဟားခါးမဲဆန္ဒနယ် |
| (၅) | ဒေါ်ဒွဲဘူ | အင်ဂျန်းယန်မဲဆန္ဒနယ် |
| (၆) | ဦးနန္ဒကျော်စွာ | ဒဂုံမဲဆန္ဒနယ် |
| (၇) | ဦးတီခွန်မြတ် | ကွတ်ခိုင်မဲဆန္ဒနယ် |
| (၈) | ဦးစောလှထွန်း | ချောင်းဦးမဲဆန္ဒနယ် |
| (၉) | ဦးခင်မောင်မြင့် | ဇီးကုန်းမဲဆန္ဒနယ် |
| (၁၀) | ဦးခင်မောင်ညို | ပေါက်မဲဆန္ဒနယ် |
| (၁၁) | ဦးခင်မောင်ရွှေ | တမူးမဲဆန္ဒနယ် |
| (၁၂) | ဦးစိုးရယ် | ဒီမောဆိုမဲဆန္ဒနယ် |
| (၁၃) | ဦးစတီဖန် | ကျိုင်းတုံမဲဆန္ဒနယ် |
| (၁၄) | ဦးသိန်းထွန်းဦး | အမရပူရမဲဆန္ဒနယ် |

(၁၅) ဒေါက်တာစိုးမိုးအောင် ဘီးလင်းမဲဆန္ဒနယ်တို့ဖြစ်ကြပြီး ကော်မတီဥက္ကဋ္ဌအဖြစ် ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာအား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်အား လည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍**

(2-3)03.pmd 1 3/2/2011, 1:37 AM

# ဂုဏ်ရှိန်မြင့်မား နိုင်ငံက လေးစားရသည့် ကျေးဇူးရှင် တောင်သူလယ်သမားဦးကြီးများ

**လှိုင်ဘွား(ပါရမီ)**

ကျယ်ပြောလှသော လယ်ကွင်းပြင်ကြီးအပြည့် မျက်စိတစ်ဆုံးမြင်တွေ့နေရသော နွေစပါးစိုက်ခင်းများက အရှေ့ရိုးမတောင်တန်းကြီးကို ကျော်လွန်ဖြာကျလာသော နံနက်ခင်းနေရောင်ခြည်အောက်တွင် ရွှေရောင်တောက်ပကြည့်လို့မဝနိုင်အောင် ဖြစ်နေရတော့သည်။ မန္တလေးသို့ မရောက်တာကြာ၍ဆွေမျိုးတစ်စု စိတ်မခုစေဖို့အရေး လုပ်ငန်းအားလပ်ရက်အတွင်း ရန်ကုန်မှအပြေးကလေးထွက်ခဲ့ရရာ ဤလမ်းဤခရီး၏ သာယာပုံကို ပြန်လည်ထိတွေ့ရတော့သည်။ ချောမွေ့ညက်ညောလှသော ကတ္တရာလမ်းမကြီးက ဖြောင့်စင်းသန့်ရှင်းနေပေရာ လမ်းဘေးဝဲ/ယာရှိ စိမ်းစိုကြွရွနေသော စိုက်ခင်းပျိုးခင်းတို့၏အလှကို ကတ္တရာလမ်းမကြီးက နှုတ်ခမ်းသတ် ဘောင်ခတ်ထားသကဲ့သို့ပင်။ ဤနေရာတို့ကို ယခင်က အကြိမ်များစွာ ဖြတ်သန်းဖူးပါသော်လည်းတစ်ကြိမ်တစ်ခါမျှ မြေဗလာဖြစ်သည်ကို မတွေ့ရ။ ပင်ထောင်ရွက်စိမ်းတို့ဖြင့်အမြဲတမ်းပန်းရနေသည်သာ ဖြစ်သည်။ ဤမျှပြောင်းလဲခဲ့သည်ကိုလည်းအံ့သြတကြီး ဖြစ်ပြီးရင်းဖြစ်ရင်း စိုက်ခင်းပျိုးခင်းတို့ကလည်း တရွေ့ရွေ့တိုးတက်များပြားလာခဲ့တော့သည်။

ဟိုတစ်ချိန်တုန်းကတော့ ဤသို့သော လယ်ကွင်းပြင်တို့မှာ ဤလိုနွေစပ်စပ်ကာလများ၌ ရိုးပြတ်တို့ မင်းမူ၊ နေပူတံလျှပ်တို့ ဆော့ကစား၊ သုံးစားမရသော မြေဗလာတို့သာတည်း။ လယ်ကွင်းမြေခြောက်ထဲမှာ ဥသဘကြီးတို့ဖြန့်ကြဲထားသော နွားချေးမစိုမခြောက်တို့ကို သီးနှံစိုက်ပျိုးရေးအတွက်မြေသြဇာအလို့ငှာ ကောက်ယူဖို့အရေး ဖခင်က ဖိအားပေးလာသဖြင့် တောင်းအခွံကို ညီအစ်ကိုနှစ်ယောက်သား တစ်ယောက်တစ်စွန်ဆွဲလျက် ခြေရာဖြန့်ခဲ့ဖူးသည်။ ထိုအချိန်များကမူ ဤသော လယ်ကွင်းတို့အတွင်း နွားချေးနှင့်ရိုးပြတ်တို့မှအပ တန်ဖိုးရစရာ ဘာမျှမမြင်ခဲ့ဖူးပါပေ။ နွားချေးမြေသြဇာပါမှ သီးနှံလှုပါသည်ဟု ယုံကြည်ချက်ပြင်းပြလှသော ဖခင်ရှိသေးလျှင်မူ နွားချေးခြောက်တို့အစား ဝံ့စားစွာနေရာယူလာသော ဤစိုက်ခင်းစိမ်းစိမ်းတို့ကို မည်သို့ယူဆလေမည်မသိ။ တွေးရင်းနှင့် ပြုံးမိတော့သည်။

> တဒုတ်ဒုတ်အင်ဂျင်ခုတ်သံဖြင့် လှုပ်ရှားသွားလာနေသော လက်တွန်းထွန်စက်တို့ပေါ်မှ ဆေးပေါ့လိပ်ခဲထားသူ ဦးကြီးတို့အပြုံးကလည်း လယ်သမားဘဝအတွက် အလုံးစုံအားတက်စရာပင်။ တောင်သူလယ်သမားတို့ဘဝသည်ကား ရေးကမူ မြို့နှင့် လူနေမှုချင်း ကွာခြားလှသဖြင့် မြို့ရောက်ခြင်းသည်ပင် လာဘ်တစ်ပါးအသွင် ဖြစ်ခဲ့။ ယခုမူကား မြို့နှင့်မခြား အဆင့်တူသွားခဲ့ပြီဖြစ်ရာ နိုင်ငံတော်က ရည်မှန်းထားသည်တို့ တိုးလျှိုပေါက် အောင်မြင်ခဲ့ပြီဖြစ်။

ယခုကား နိုင်ငံတော်အစိုးရက တောင်သူ လယ်သမားကြီးတို့၏ လုပ်ငန်းခွင်ကာလများ တိုးချဲ့နိုင်ရန်နှင့် နိုင်ငံတော်ဝမ်းကို ပိုမိုဖြည့်စွမ်းပေးနိုင်ရန်အတွက် ကွင်းခြောက်တို့ဆီရေရောက်သည်အထိ ဆောင်ရွက်ပေးခဲ့ပေပြီ။ ရေမရှိ၍ တစ်ချိန်ကထိုင်ကြည့်နေခဲ့ရသော လယ်ကွင်းပြင်တို့ကား ရေတဖွားဖွားနှင့်။ ဝါသနာပါလျှင် ကြိုက်သည့်အပင် စိုက်ချင်ရာစိုက်နိုင်လောက်အောင် စိုပြည်ခဲ့ပေပြီ။ မိုးစပါးရိတ်သိမ်းပြီးသည်နှင့်တစ်နိုင်ငံလုံးနီးပါး လယ်သမားကြီးတို့နောက်တစ်ကြိမ် မိုးရောက်လာဖို့အရေးကိုမျှော်ရင်း ဆင်းရဲတွင်းနက်ခဲ့ရသော တစ်ချိန်က ကာလများကားအဆုံးသတ်ခဲ့ပေပြီ။ ဤလိုဖြစ်ပေါ်လာဖို့အရေး အလွယ်လေးဖြစ်လာခဲ့သည်တော့ မဟုတ်။ နိုင်ငံတော်အစိုးရက ဦးစားပေးလုပ်ငန်းရပ်အဖြစ် သတ်မှတ်ကာ၁၉၈၈ ခုနှစ် နောက်ပိုင်း ဆည်တမံပေါင်း၂၃၃ ခုကို နိုင်ငံတော်ဘဏ္ဍာငွေကျပ်သန်းပေါင်း ၂၉၈၅၅၇ ကျော် သုံးစွဲဆောင်ရွက်ခဲ့ရသည်။ ဤမည်သောအံ့ဘနန်းဆောင်ရွက်မှု၏ အကျိုးသက်ရောက်မှုက လယ်ယာမြေဧက၂ ဒသမ ၈ သန်းကျော်ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပြီး ထိုထက်ပို၍ ထိရောက်စေဖို့အတွက်လည်း ဆည်တမံစီမံကိန်းပေါင်း ၃၀ ကို တည်ဆောက်နေဆဲဖြစ်ပေသည်။

ဤမျှသာမကသေး၊ တောတောင်တို့နှင့်ဝေးရာ မြေပြန့်သဘာဝဒေသတို့တွင်လည်း မြစ်ရှိလျှင် မြစ်ရေတင်၊ မြစ်မမြင်သည့် အဆင့်ပြေမည့်နေရာတွင်လည်း မြေထဲမှရေကိုသုံးစွဲနိုင်ရေးအတွက် အဝီစိတွင်း ဆင်ပေးလျက်စိုက်ပျိုးရေရရှိရေး ကြံစည်ဆောင်ရွက်ပေးခဲ့ပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြစ်ရေတင်စီမံကိန်းပေါင်း ၃၂၇ ခုထိ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးလယ်ယာမြေဧကပေါင်း ငါးသိန်းခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပေသည်။ထို့အတူ မြေအောက်ရေစီမံကိန်း ၈၂၅၃ ခုမှ လယ်ယာမြေဧက တစ်သိန်းကျော်ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည်။ တောတောင်လျှိုမြောင်တို့သည်လည်းကောင်း၊ မြစ်တို့သည် လည်းကောင်း၊ မြေအောက်ရေတို့သည်လည်းကောင်း သမိုင်းမတင်မီကတည်းက တည်ရှိနေခဲ့ကြသည်ဖြစ်သော်လည်းလျှိုကိုပိတ်လှောင်၊ မြစ်ရေနှင့် မြေအောက်ရေကို စုပ်တင်ယူဆောင်ကာယင်းတို့မှ ရလာသည့်ရေကို တောင်သူလယ်သမားကြီးတို့ ရရှိသုံးစွဲနိုင်ဖို့အရေးသည်ကား မသိသူကျော်သွား သိသူဖော်စားဆိုသကဲ့ပင် စေတနာအရင်းခံဖြင့်တောင်သူလယ်သမားကြီးတို့အတွက်ပူပန်လျက် ဆောင်ရွက်ပေးသူတို့လက်မှာပုန်းကွယ်၍မနေသာ ထွက်ပေါ်လာခဲ့ရပေတော့သည်။ ဤသို့လျှင် မြေမြင့်မြေနိမ့်မဟူ ရှိသမျှမြေ စိုက်ပျိုးနိုင်ရေး စီမံပေးခြင်း၊ မြေဆီဆုံးရှုံး ကျတ်တီးကုန်းမဖြစ်စေရေးအတွက် ရွှေ့ပြောင်းတောင်ယာတို့ကို လှေကားထစ်လယ်ယာများအဖြစ် ပြောင်းလဲဖော်ဆောင်ပေးခြင်းတို့ကြောင့်ပင် အသားတင်စိုက်ဧကမှာ ၃၄ သန်းအထိ တိုးတက်လာခဲ့ပြီး စပါးအထွက် တင်းသန်းပေါင်း၁၅၀၀ ခန့်ထိ တိုးတက်ဖြစ်ပေါ်ခဲ့ပေပြီ။

ထိုမှ ဖြတ်သန်းလာပြန်တော့ မြေပြန့်လွင်ပြင်ကျယ်ကြီးထဲတွင် မြစိမ်းကမ္ဗလာဆင်ယင်ထားဘိသကဲ့သို့ ဖြစ်နေသော မတ်ပဲစိုက်ခင်းကြီးကိုတွေ့ရပြန်သည်။ စားဖွယ်ရာသီးနှံမျိုးစုံ စိုက်ပျိုးနိုင်သော ဤမြေပေါ်တွင်နိုင်ငံတော်ဝမ်းစာအတွက် ကြိုးပမ်းစိုက်ပျိုးကြပါသော တောင်သူလယ်သမားကြီးတို့နှင့် တစ်မြေတည်းနေ တစ်ရေတည်းသောက်ရခြင်းကား သဘာဝကပေးသောဆုလာဘ်တစ်ခုသာတည်း။ မြင်ရုံမျှနှင့် မတင်းတိမ်နိုင်သော ဆန္ဒကြောင့်မေးမြန်းတီးခေါက်ပြန်ရာ နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သော ပဲစင်းငုံ၊ပဲတီစိမ်းနှင့် မတ်ပဲ စိုက်ပျိုးမှု၊ ထွက်ရှိမှုတို့အကြောင်း သိရပြန်သည်။ ပဲမျိုးစုံစိုက်ပျိုးနိုင်မှုမှာ ယခင်က ဧကပေါင်း ၁ဒသမ၈ သန်းသာရှိခဲ့ရာမှ နိုင်ငံတော်အစိုးရမှ စိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်း မျိုးသန့်များ၊ မြေသြဇာများစသည်တို့ ပံ့ပိုးဆောင်ရွက်ပေးမှုနှင့် ဈေးကွက်အခွင့်အလမ်း ပိုမိုရရှိလာမှုတို့ကြောင့် ယခုအခါ ဧကပေါင်း ၁၁ သန်းကျော်အထိ တိုးမြှင့်လာနိုင်ပေပြီ။စိုက်ဧကပေါင်း ၁၀ သန်းကျော် တိုးပွားလာမှုအတိုင်းအတာ၏ အောင်မြင်မှုပမာဏကို ကျွမ်းကျင်သူမဆိုထားဘိ သာမန်ဗဟုသုတရှိသူများပင် ခန့်မှန်းတွက်ဆနိုင်ကြပေမည်။ တောင်သူဦးကြီးများထဲတွင်လည်း ပဲဖြင့်ကားဝယ်သူ၊ဆိုင်ကယ်ဝယ်သူ၊ ပဲဖြင့် အိမ်ဆောက်သူတို့ အလျှိုအလျှိုပေါ်လာခဲ့ပေပြီ။လူမနား၊ မြေမအား၊ ငွေမရှားဆိုသည်ကား ဦးကြီးတို့အတွက် သီးသန့်ဖြစ်ပေါ်လာသော ဆောင်ပုဒ်ပင်ဖြစ်ရပေတော့သည်။ တစ်ဧက အထွက်နှုန်းတို့တွင်လည်း မြေပဲက ၅၂ တင်းကျော်၊ ပဲစင်းငုံက ၁၇ တင်းနီးပါး၊ ပဲတီစိမ်းက၁၅ တင်းနီးပါး၊ မတ်ပဲက တင်း ၂၀ ကျော် ဖြစ်လာခဲ့ပေပြီ။

ပဲခင်းတို့ ကျော်လာပြန်တော့ လမ်းဘေးတစ်လျှောက် လေယူရာယိမ်းနွဲ့လျက် ထူပိန်းပြွတ်ခဲစွာ အောင်မြင်ဖြစ်ထွန်းနေသော ကြံစိုက်ခင်းများကိုတွေ့ရပြန်သည်။ စက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်သည့် ကြံစိုက်ပျိုးမှုလုပ်ငန်းကား အဆင့်မြင့်မျိုးကောင်းမျိုးသန့်များ အသုံးချလာနိုင်သည့်နည်းတူ ယခင်ကစိုက်ဧက တစ်သိန်းနှစ်သောင်းကျော်သာရှိခဲ့ရာမှ ယခုအခါ စိုက်ဧကပေါင်းသုံးသိန်းခုနစ်သောင်းကျော်သည်အထိ ဖြစ်လာခဲ့ရာ ပြင်ပသကြားများထက်အချိုဓာတ်ပြင်းသည့် မြန်မာ့သကြားစစ်စစ်ကိုသာ သုံးလိုသည့် ကျွန်တော်တို့လို အချိုကြိုက်ပရိသတ်များအတွက် တောင်သူဦးကြီးတို့၏ လက်ဆောင်ပန်းခင်းကြီးတစ်ခုသဖွယ်သာ မြင်ယောင်မိတော့သည်။

ဆက်သွားပြန်တော့ လမ်းဘေးတစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသောငရုတ်ခင်းများနှင့်အတူ သီးညှပ်စိုက်ထားသော နေကြာခင်းများကို တွေ့ရပြန်သည်။ ဤလိုအညာဒေသများတွင် တစ်ချိန်က ပူလောင်ပြင်းပြလျက်ကန္တာရဆူးပင်များသာ ကြီးစိုးနေခဲ့ရာမှ နိုင်ငံတော်၏ ပံ့ပိုးမှု၊ တောင်သူလယ်သမားဦးကြီးများ၏ မိမိအကျိုးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီဆောင်ရွက်နိုင်မှုတို့ကြောင့် နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ဧကတို့သည်လည်း ယခင်က ငါးသန်းကျော်သာရှိခဲ့ရာမှ ယခုအခါ ၈ ဒသမ၆ သန်းကျော်သည်အထိ တိုးတက်လာခဲ့ပေပြီ။ နိုင်ငံတော်၏ အားပေးမြေတောင်မြှောက်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူဦးကြီးတို့ ကျေးဇူးကြောင့်စိုက်ပျိုးမြေနည်းပါးသော ဒေသအချို့တို့မှအပ ဆီထွက်သီးနှံထွက်ရှိမှုကားအားရဖွယ်ရာ ကောင်းလောက်အောင် တိုးတက်ဖြစ်ထွန်းခဲ့ပေရာ တစ်နိုင်ငံလုံးပျမ်းမျှ ဆီဖူလုံမှုမှာ ၁၆၀ ရာနှုန်းဖြစ်ပေသည်။ ကျန်းမာရေးအတွက်သာမငဲ့ကွက်ပါက ဆီကိုရေချိုး ဆေးရိုးမီးလှုံဆိုသည့်အတိုင်း ပေါလျှံကြွယ်ဝစွာသုံးဖြစ်ကြပေလိမ့်မည်။

ထို့နောက်မှာတော့ ဝါစိုက်ခင်းများကို ဖြတ်သန်းရပြန်သည်။ တောင်သူတို့ပြောစကားအရ ယခင်က ပျမ်းမျှဝါတစ်ဧကအထွက်နှုန်း ပိဿာ ၂၀၀ ကျော်သာရှိခဲ့ရာမှ ချည်မျှင်ရှည်ဝါအမျိုးအစား တစ်မျိုးဖြစ်သော ငွေချည်-၆ ဝါမျိုးကိုပြောင်းလဲစိုက်ပျိုးချိန်မှစ၍ ပျမ်းမျှတစ်ဧက အထွက်နှုန်း ပိဿာ ၅၀၀ နီးပါးထိတိုးတက်ခဲ့ကြောင်း သိရပေသည်။ ထိုထွက်ရှိသည့် ဝါများကိုလည်း အမှတ်(၁)စက်မှုဝန်ကြီးဌာနက ဈေးကောင်းပေးဝယ်ယူနေကြောင်းသိရရာ ဝါစိုက်တောင်သူတို့အဖို့ အနာဂတ်ခိုင်ဖို့သာရှိတော့ပေသည်။ ထို့နည်းတူ ပြောင်းစိုက်ပျိုးမှုအပါအဝင် အရေးကြီးသီးနှံ ၂၈ မျိုးစလုံး အထွက်နှုန်းတို့ကောင်းကြပေရာရာသီဥတုမဖျက်၊ အနိုင်ကျင့်သူ နိုင်ငံကြီးများ၏ ပိတ်ဆို့ရေးမစွက်ပါမူမည်သည့်အချက်ကမျှ မြန်မာတောင်သူတို့ တိုးတက်ရေးကို ဟန့်တားနိုင်စရာမမြင်တော့ပါချေ။

စိုက်ပျိုးရေးကိုအခြေခံလျက် အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က အထူးအလေးထားဆောင်ရွက်ခဲ့ရာလယ်ယာကဏ္ဍကို အခြေခံအုတ်မြစ်အဖြစ် ကျစ်လျစ်တောင့်တင်းအောင်ဆောင်ရွက်ခဲ့ပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် မိမိပြည်တွင်း ကျွမ်းကျင်သူများ၏ တတ်ကျွမ်းနားလည်မှုကို အခြေခံလျက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ အကူအညီဖြင့် မှန်ကန်သော လယ်ယာစိုက်ပျိုးမှုကျင့်စဉ် (GAP)၊ ဘက်စုံပိုးမွှားကာကွယ်ရေး(IPM)၊ မှန်ကန်သောထုတ်လုပ်မှုကျင့်စဉ် (GMP)စံနှုန်းများဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးဆွေးနွေးပွဲများကိုလည်း အလေးတယူ ကျင်းပခဲ့သည်။ ထိုသို့ဆောင်ရွက်ရင်း တောင်သူလယ်သမားတို့ဘဝသည်လည်း ရေမြင့်ကြာတင့်ဆိုသကဲ့သို့ မြင့်မားတိုးတက်ခဲ့သည်ထင့်။ လမ်းကြောင်းတစ်လျှောက် ဖြတ်သန်းခဲ့ရာ မြို့ရွာများသည်လည်းကျွန်တော်တို့ငယ်စဉ်က မြင်တွေ့ခဲ့ဖူးသလို ထရံကြိုထရံကြား အိမ်သေးအိမ်မွှားတို့ကင်းပကာ အနည်းဆုံးသပ်ရပ်သော သုံးပင်နှစ်ခန်းအိမ်အထိသာ တွေ့ရတော့သည်။ ယခင်အတော်ဝေးခဲ့သော ကာလများဆီက စက်ဘီးပင် အနိုင်နိုင်အခြေအနေမှ ယခုမူ အိမ်တိုင်းစေ့နီးပါး ဆိုင်ကယ်များ ပိုင်ဆိုင်လာကြပြီးလမ်းတစ်လျှောက် ဆိုင်ကယ်တို့ ပျားပန်းခပ်မျှ လူးလားကူးသန်းနေကြရာကားကိုပင် သတိထားမောင်းနှင်ရလောက်အောင် ဖြစ်တော့သည်။ ထိုမျှမကတဒုတ်ဒုတ်အင်ဂျင်ခုတ်သံဖြင့် လှုပ်ရှားသွားလာနေသော လက်တွန်းထွန်စက်တို့ပေါ်မှ ဆေးပေါ့လိပ်ခဲထားသူ ဦးကြီးတို့အပြုံးကလည်း လယ်သမားဘဝအတွက် အလုံးစုံအားတက်စရာပင်။ တောင်သူလယ်သမားတို့ဘဝ သည်ကားရှေးကမူ မြို့နှင့်လူနေမှုချင်း ကွာခြားလှသဖြင့် မြို့ရောက်ခြင်းသည်ပင် လာဘ်တစ်ပါးအသွင် ဖြစ်ခဲ့သည်။ ယခုမူကား မြို့နှင့်မခြား အဆင့်တူသွားခဲ့ပြီဖြစ်ရာ နိုင်ငံတော်က ရည်မှန်းထားသည်တို့ တိုးလျှိုပေါက် အောင်မြင်ခဲ့ပြီဖြစ်သည်။

တောင်သူဦးကြီးတို့ ပညာရဖို့အရေးတွင်လည်း ကျေးရွာတိုင်း စာကြည့်တိုက်ရှိရမည်ဟူသော ပြန်ကြားရေးဝန်ကြီးဌာန၏ စီမံချက်အောင်မြင်မှုကြောင့် တောင်သူလယ်သမားတို့အကြား စာစကားပေစကားတို့ လှုပ်ရှားလူးလွန့်ခဲ့ပေပြီ။ စိုက်ပျိုးရေးနည်းပညာတို့ကို အခြားသူပြောမှ ကြားရမည့်အစား ကိုယ်တိုင်လေ့လာသုံးသပ်နိုင်ကြပေပြီ။ ကောင်းရာကိုရွေး၍ အချင်းချင်းဆွေးနွေးဖလှယ်နိုင်ကြပေပြီ။ ထို့အတူ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများနှင့် MRTV-4 ၏ DTH စနစ်ကြောင့်လည်း ဝေးလံခေါင်သီသောဒေသမှ တောင်သူဦးကြီးတို့လည်း ရုပ်သံအစီအစဉ်မကြည့်ရမရှိ ဖြစ်ခဲ့ပေပြီ။ တစ်ချိန်ကရွာလယ်ကောင် အိမ်တစ်လုံးတွင် လူအများစုရုံး၍ TV တစ်လုံးကိုဝိုင်းအုံပြုံတိုး ဆင့်ကျိုးကျရသောအခြေအနေမှ ယခုတော့ ကိုယ်စီကိုယ်ငTV ပိုင်ဆိုင်ခဲ့ကြပြီ ဖြစ်သလိုရှေးယခင်ကာလများဆီက ရေနံဆီမီးခွက်တို့လက်ချက်ကြောင့် မှိုင်းတက်ခဲ့ရသော အိမ်အမိုးထုပ်တန်းများကား အသေးစားရေအားလျှပ်စစ်နှင့် ဒီဇယ်အင်ဂျင်မှရသော လျှပ်စစ်ဓာတ်အားတို့ကြောင့် မှိုင်းတို့ ပျောက်ကင်းသန့်ရှင်းလှပခဲ့ပေပြီ။ ရှေ့လာမည့်ကာလများတွင် ပင်မဓာတ်အားလိုင်း ရောက်ရန်ခက်သော ဒေသများအတွက် Solar System သုံးလျှပ်စစ် ဓာတ်အားစနစ်ကလည်း အသုံးတော်ခံပေဦးမည်။

မြန်မာနိုင်ငံကား လယ်ယာကိုအခြေခံသော နိုင်ငံဖြစ်သည့်အားလျော်စွာတောင်သူလယ်သမားတို့ဘဝအခြေက နိုင်ငံတော်၏သရုပ်ကို ထင်ရှားစွာဖော်ကျူးနေပေသည်။ မည်သည့် ဆန့်ကျင်ဘက်အဖွဲ့အစည်းနှင့် မည်သည့်ကိုလိုနီလက်သစ်တို့က မည်သို့ စွပ်စွဲနိုမ့်ချသည်ဖြစ်စေ၊ အမှန်တကယ်ပေါ်ထွက်နေသော တောင်သူလယ်သမားတို့ဘဝ ရုပ်သွင်ကြည်လင်မှုကယခင်နှင့် မတူသည့်အခြေကို ပြသပေလိမ့်မည်။ ထိုမျှမက ပြည်သူကရွေးချယ်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ကျင်းပလျက်ရှိသည့် လွှတ်တော်ကြီးမှလည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးထားသည့်အတိုင်း ကျေးဇူးရှင်တောင်သူလယ်သမားကြီးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးဦးမည်ဖြစ်သည်။

ကျွန်တော်တို့ စီးနင်းလာသောယာဉ်က မန္တလေးမြို့ကို လှမ်းမြင်ရသည်အထိ နီးကပ်ခဲ့ပေပြီ။ ဤပတ်ဝန်းကျင်တွင်လည်း နွေစပါးရိတ်သိမ်းဆဲနှင့်ရင့်မှည့်ဆဲ လယ်ကွင်းတို့က နေရာယူထားကြပြန်သည်။ မြန်မာနိုင်ငံ တောင်မှမြောက် တောက်လျှောက်ဖြတ်သန်းခဲ့ရာတွင် ကျေးဇူးရှင် တောင်သူလယ်သမားကြီးတို့၏ ကြိုးပမ်းမှုအသီးအပွင့်ဖြစ်သည့် အောင်မြင်နေသောစိုက်ခင်းပျိုးခင်းများက အမြင်အာရုံတွင် ပြတ်လပ်သည်မရှိပေ။ အမျိုးအမည်သာ ပြောင်းသွားသော်လည်း စိမ်းမြယိမ်းကနေသည်တို့ကတော့ မပြောင်းလဲ။တသွင်သွင်စီးဆင်းနေသောရေနုတ်မြောင်းများမှ ရေတို့ကလည်း အမောပြေခပ်၍ သောက်ချင်စရာ၊ စိမ်းလဲ့ကြည်ပြာရုပ်တန့်ဖွယ်ရာ မရှိနိုင်လောက်အောင်ပင်။ ရေရှိသည်၊ မြေရှိသည်၊ နိုင်ငံတော်က အားထားရသည့် ကျေးဇူးရှင်တောင်သူလယ်သမားကြီးတို့ရှိသည်။ ဤအခြေခံကောင်းကို အဆင့်မြင့်စိုက်ပျိုးနည်းပညာနှင့် စက်မှုနည်းပညာပေါင်းလိုက်ပါက ပြိုင်လာကြသူအလေးမူရလောက်အောင် ထိပ်တန်းရောက်ပေလိမ့်မည်။ တောင်သူလယ်သမားနေ့တို့သည်လည်း တစ်နှစ်ပြီးတစ်နှစ် ဂုဏ်အင်တိုးတက် အမျိုးအတွက် မျက်နှာပွင့်လန်းစေလိမ့်မည် ဖြစ်ကြောင်းပါခင်ဗျား။ ။

◆ စာမျက်နှာ ၉ မှ

လွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ကိုးဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်သိန်း၊ အတွင်းရေးမှူးအဖြစ် မင်းတုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိန်းဇော်၊ အဖွဲ့ဝင်များအဖြစ် ငဖဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ညွန့်၊ စေတုတ္တရာ မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိန်လှိုင်၊ သရက်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဒေါ်ယဉ်ယဉ်လှ၊ ဂန့်ဂေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမြင့်အောင်၊ ထီးလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိန်းဆွေ၊ ဆောမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဌေးလွင်နှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးမင်းဟန်ဇော်တို့ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၇ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

## မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး သက်တမ်း လျာထားချက်တို့ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ငါးဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ပြည်ကြီးတံခွန်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးသိန်းလှ၊ အတွင်းရေးမှူးအဖြစ် ငါန်းဇွန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြတ်သူ၊ အဖွဲ့ဝင်များအဖြစ် မိုးကုတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂုန်ဂိုလျန်၊ စဉ့်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးညီညီနှင့် သာစည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမိုးမြင့်သိန်းတို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် မန္တလေးတိုင်း ဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

## မွန်ပြည်နယ်

မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ငါးဦးနှင့် သင့်လျော်သည့်





ငါးဦးနှင့် သင့်လျော်သည့် နိုင်ငံသား လေးဦး စုစုပေါင်း ကိုးဦးဖြင့် ဖွဲ့စည်းမည် ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ကျိုက်မရောမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးလှထွန်း၊ အတွင်းရေးမှူးအဖြစ် ကျိုက်မရောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစံတင်၊ အဖွဲ့ဝင်များအဖြစ် ချောင်းဆုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်နိုင်ဦး၊ သံဖြူဇရပ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးနိုင်ဦး၊ ဦးဇော်မြင့် (ကုန်သည်)၊ မွေးမြူရေးနှင့်ကုသရေးဆရာဝန် အငြိမ်းစား ဦးမျိုးချစ်၊ သမဝါယမဦးစီး အရာရှိ အငြိမ်းစား ဦးဘချစ်၊ မြန်မာ့

ရေးမှူးအဖြစ် မောင်တောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇာဟိန်ဂိရ်(ခ) ဦးအောင်မျိုးမင်း၊ အဖွဲ့ဝင်များအဖြစ် ရသေ့တောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဖိုးမင်း(ခ)ဦးဘိုးမင်း၊ တရားရုံးချုပ် ဒုတိယညွှန်ကြားရေးမှူး အငြိမ်းစား ဦးကျော်သာနှင့် ဒုတိယ ပြည်နယ်ဥပဒေ အရာရှိ အငြိမ်းစား ဦးမောင်သာလှတို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို ပြည်နယ်လွှတ်တော် သို့ တင်ပြသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာ ကော်မတီကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ငါးဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် အမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်အောင်၊ အတွင်းရေးမှူးအဖြစ် တောင်ကုတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်သန်းစိန်၊ အဖွဲ့ဝင်များအဖြစ် စစ်တွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မြကျော်၊ မာန်အောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအောင်ကြီးနှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်းတို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို ပြည်နယ်လွှတ်တော် သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် ရခိုင်ပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

**ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။**
(သတင်းစဉ်)

## ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ကိုးဦးဖြင့် ဖွဲ့စည်းမည် ဖြစ်ကြောင်း၊ ပါဝင်သင့်သည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှထွန်း၊ အတွင်းရေးမှူးအဖြစ် လမ်းမတော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးဝင်းနိုင်(ခ) ဝင်းနိုင်ဦး၊ အဖွဲ့ဝင် များအဖြစ် ဒလမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးသန်းလှိုင်၊ တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးသိန်း၊ လသာ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးနန်းညွန့်ဝင်းမော်၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာသိန်းဇော်မြင့်၊ လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းနိုင်၊ သန်လျင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်သန်းဦးနှင့် ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ကြည်ကြည်မာတို့ဖြစ်ကြောင်း နှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်တို့ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ကိုးဦးဖြင့် ဖွဲ့စည်းမည် ဖြစ်ကြောင်း၊ ပါဝင်သင့်သည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ကရင်တိုင်းရင်းသား ကိုယ်စားလှယ် ဦးစောထွန်းအောင်မြင့်၊ အတွင်းရေးမှူး အဖြစ် ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးမောင်မောင်ဝင်း၊ အဖွဲ့ဝင် များအဖြစ် အင်းစိန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောဆန်နီချမ်း၊ ရခိုင် တိုင်းရင်းသားကိုယ်စားလှယ် ဦးဇော် အေးမောင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ ခင်မောင်ထွန်း၊ တာမွေမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဝင်းထိန်၊ မင်္ဂလာတောင် ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစောလှထွန်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ထူး(ခ)ဦးကိုကိုနှင့် ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေသန်းနွယ် တို့ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် ရန်ကုန်တိုင်း ဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကို နံနက် ၁၀ နာရီ ၅ မိနစ်တွင် ရပ်နား ခဲ့ကြောင်း သိရှိရသည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်း အဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳**



**ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။**
(သတင်းစဉ်)

လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ခုနစ်ဦးဖြင့် ဖွဲ့စည်းမည် ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌ အဖြစ် ချမ်းအေးသာစံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာကျော်လှ၊ အတွင်း ရေးမှူးအဖြစ် ပြည်ကြီးတံခွန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိန်းလွင်၊ အဖွဲ့ဝင်များအဖြစ် မတ္တရာမြို့နယ် မဲဆန္ဒ နယ်အမှတ်(၂)မှ ဦးကိုလေး၊ မလှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရွှေနန်း၊ ညောင်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဌေးလွင်၊ ကျောက်ဆည်မြို့နယ် မဲဆန္ဒ နယ်အမှတ်(၁)မှ ဦးအောင်မြင့်သိန်းနှင့် နွားထိုးကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဖေတို့ဖြစ်ကြောင်းနှင့် ကော်မတီ ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်

နိုင်ငံသား လေးဦး စုစုပေါင်း ကိုးဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏အမည်စာရင်းမှာ ကော်မတီ ဥက္ကဋ္ဌအဖြစ် ကျိုက်ထိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိန်မြင့်၊ အတွင်းရေးမှူး အဖြစ် သထုံမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးသိန်းဇော်၊ အဖွဲ့ဝင်များအဖြစ် ပေါင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်လန်း၊ ပေါင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးချမ်းမြင့်၊ ရေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းသိန်းဟန်၊ ဦးကျော်မြင့်(လယ်ယာလုပ်ငန်း)၊ မြို့နယ် ဆရာဝန် အငြိမ်းစား ဒေါက်တာ အောင်ကျော်ထွန်း၊ ပြည်နယ်ဥပဒေ အရာရှိ အငြိမ်းစား ဦးသန်းရွှေနှင့် ဦးမောင်မောင်သန်း(တရားရုံးချုပ်ရှေ့နေ) တို့ဖြစ်ကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို ပြည်နယ်လွှတ်တော် သို့ တင်ပြသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် တိုင်းရင်း သား လူမျိုးများအရေးဆိုင်ရာ ကော်မတီ ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

နှစ်ရှည်ပင်လုပ်ငန်း ညွှန်ကြားရေးမှူး အငြိမ်းစား ဦးစိုးထင်နှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးလှမိုးသိန်းတို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို ပြည်နယ်လွှတ်တော် သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် မွန်ပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်း အဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သုံးဦးနှင့် သင့်လျော်သည့် နိုင်ငံသားနှစ်ဦး စုစုပေါင်း ငါးဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏အမည်စာရင်းမှာ ကော်မတီ ဥက္ကဋ္ဌအဖြစ် သံတွဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်နိုင်ဦး၊ အတွင်း

**ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။**
(သတင်းစဉ်)



# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၃-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

### နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ "သက်ရှည်ကျန်းမာ လေ့ကျင့်ပါ"
၈း၁၀ ၇။ မျိုးမျိုးကြွကြွယဉ်ကျေးမှုအက
၈း၂၀ ၈။ အတီးပြိုင်ပွဲ
၈း၃၀ ၉။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

### ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၃၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာ ရေးရုပ်မြင်သံကြားသင်ခန်းစာ (တတိယနှစ်) (စီးပွားစီမံအထူးပြု) (စီးပွားစီမံ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၇။ သီချင်းကြီးပဒေသာ
၅း၀၅ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၁၅ ၉။ International Science News
၅း၂၅ ၁၀။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၃၅ ၁၁။ ဆိုကြပျော်ရွှင်တေးသံစဉ်
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၄၅ ၁၅။ ရွှေရင်ခုန်သံ
၇း၁၅ ၁၆။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၇း၄၅ ၁၇။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ" (အပိုင်း-၁၅)
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၄၀)**
၂၃။ **မြန်မာဗီဒီယိုဇာတ်လမ်း "လရထားနှင့်ငွေကြိုးကြာ" (ခန့်စည်သူ၊ နန္ဒာလှိုင်) (ဒါရိုက်တာ-အောင်ဩဘာ)**
၂၄။ အစီအစဉ်ပြီး၏။

✻ စာမျက်နှာ ၁၀ မှ

ကော်မတီကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၀ ဦးနှင့် သင့်လျော်သည့် နိုင်ငံသား တစ်ဦး စုစုပေါင်း ၁၁ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနု၊ အတွင်းရေးမှူးအဖြစ် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်၊ အဖွဲ့ဝင်များအဖြစ် ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ကြည်ဝင်း၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြ၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးမြတ်စိုး၊လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဘဦး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားဖာ၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းငွေငွေ၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်ဇော်ဝင်းနှင့် ဥပဒေအရာရှိ အငြိမ်းစား ဦးတင်ဦးတို့ ဖြစ်ကြောင်းနှင့်ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်တို့ကို ပြည်နယ်လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် မိုင်းပြင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုဝင်း၊ အတွင်းရေးမှူးအဖြစ် နမ္မတူမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဇော်ဦး၊ အဖွဲ့ဝင်များအဖြစ် မူဆယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးကိန်မိုင်၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်အေးချိုစိန်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမောရှည်၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်တင်မေထွန်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ ဦးထွန်းအောင်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦး၊ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကြူနှင့် မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောလုံတို့ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းလျာထားချက်တို့ကို ပြည်နယ်လွှတ်တော်သို့တင်ပြသည်။

ထို့နောက် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။





**ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

### ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ကိုးဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာကော်မတီဥက္ကဋ္ဌအဖြစ်မြောင်းမြမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးပြုံးချို၊ အတွင်းရေးမှူးအဖြစ် ဓနုဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနိုင်ဝင်း၊ အဖွဲ့ဝင်များအဖြစ် ကြံခင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုးပိုင်၊ ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသိန်းနိုင်၊ မော်လမြိုင်ကျွန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှဦးအောင်ဇော်လှိုင်၊ဘိုကလေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးမျိုးဝင်း၊ ရေကြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသောင်းဟန်၊ ပုသိမ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှဒေါက်တာခင်ခင်စီနှင့်လပွတ္တာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထိန်လင်းတို့ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်တို့ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကိုးဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ကန်ကြီးထောင့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ခင်စောမူ၊ အတွင်းရေးမှူးအဖြစ် အင်္ဂပူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြတ်စိုး၊ အဖွဲ့ဝင်များအဖြစ် သာပေါင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောလေးထော၊ ဟင်္သာတမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါက်တာသိမ်းစိုး၊ အိမ်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငြိမ်းရွှေ၊ မြန်အောင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ဝင်းဆွေ၊ ဖျာပုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှဝင်းဗိုလ်၊ ဝါးခယ်မမြို့နယ် မဲဆန္ဒနယ်မှတ်(၂)မှ ဦးကျော်လွင်နှင့် ပန်းတနော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးငြိမ်းမြင့်တို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်တို့ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

တိုင်းဒေသကြီးလွှတ်တော်နှင့်ပြည်နယ်လွှတ်တော်အစည်းအဝေးများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ အရ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌကတင်ပြသောကော်မတီ (၂)ရပ်ဖွဲ့စည်းရာ၌ ပါဝင်သင့်သည့် ကော်မတီဝင်ဦးရေ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်အမည်စာရင်း၊ ကော်မတီများ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မတ် ၃ရက်နေ့တွင် ဆက်လက်ကျင်းပမည့် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် အစည်းအဝေး အသီးသီး၌ ဆွေးနွေးနိုင်ကြောင်းနှင့် ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များသည် ယနေ့ညနေပိုင်းတွင် သက်ဆိုင်ရာလွှတ်တော်ရုံးသို့ အမည်စာရင်းပေးပို့ရန် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## Super Power အဆင့်မြင့်အင်ဂျင်ဝိုင် စက်ဆီ၊ ချောဆီ ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁**

Myanmar New Stars Industry Co., Ltd. ၏ အဋ္ဌမအကြိမ်မြောက် Super Power, Speed နှင့် Super Rocket အဆင့်မြင့်အင်ဂျင်ဝိုင် စက်ဆီ၊ ချောဆီ ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက်နံနက်ပိုင်းတွင်အမှတ် (၃၃၀) ၈၂လမ်း၊ ၂၈×၂၉လမ်းကြား ချမ်းအေးသာစံမြို့နယ်မန္တလေးမြို့၌ကျင်းပသည်။ရှေးဦးစွာMyanmar New Stars Industry Co., Ltd. ၏ အထက်မြန်မာပြည် တာဝန်ခံဒါရိုက်တာ ဦးမောင်လှက နှုတ်ခွန်းဆက်စကားပြောကြားပြီး ၂၀၁၀ ခုနှစ် တစ်နှစ်တာကာလအတွင်း ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည် ပထမဆုရ ဝေယံလင်း(စက်ဆီ၊ ချောဆီရောင်းဝယ်ရေး) ကျောက်ဆည်မြို့၊ ဒုတိယဆုရ အောင်ဘောဂ (စက်သုံးချောဆီ ရောင်းဝယ်ရေး) မုံရွာမြို့နှင့် တတိယဆုရ မိုးသူ (စက်ဆီ၊ ချောဆီ ရောင်းဝယ်ရေး) မန္တလေးမြို့တို့အား ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ထို့အပြင် အရောင်းကိုယ်စားလှယ် ၇၂ ဦးတို့အား ဂုဏ်ပြုငွေသားဆုကို လည်းကောင်း၊ ကျန်အရောင်းကိုယ်စားလှယ် ၆၃ ဦးတို့အား ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည်အလိုက် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

Myanmar New Stars Industry Co., Ltd. အနေဖြင့် U.A.E နိုင်ငံမှ Super Power, Speed နှင့် Super Rocket အဆင့်မြင့်အင်ဂျင်ဝိုင် စက်ဆီ၊ ချောဆီများကို မြန်မာပြည်အတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်ရယူပြီး တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့်အတွက် လက်လီလက်ကား ဝယ်ယူရောင်းချလိုသူများအနေဖြင့် အမှတ်(က-၃၉) အခန်း(၉) ဘုရင့်နောင်ဈေး အပြင်ဘက်တန်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၆၈၆၂၆၃၊ ၆၈၆၇၂၇ နှင့် ဖက်စ်-၆၈၆၃၀၆ တို့သို့လည်းကောင်း၊ အထက်မြန်မာပြည် မန္တလေးရုံးခွဲ အမှတ်(၃၃၀) ၈၂လမ်း၊ ၂၈×၂၉ လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၂၃၄၃ နှင့် ၂၁၁၆၀ တို့သို့လည်းကောင်း၊ အထက်မြန်မာပြည် မြစ်ကြီးနားရုံးခွဲ အမှတ်(၁၃၄) ရှမ်းစုမြောက် မြစ်ကြီးနားမြို့ ဖုန်း-၀၉-၄၇၀၀၁၄၂၇၊ ၀၉-၄၇၀၃၄၆၁၇ တို့သို့လည်းကောင်း ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**Myanmar New Stars Industry Co., Ltd. ၏ အဋ္ဌမအကြိမ်မြောက် Super Power, Speed နှင့် Super Rocket အဆင့်မြင့် အင်ဂျင်ဝိုင် စက်ဆီ၊ ချောဆီ ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**ရန်ကုန် မတ် ၁**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Rimbunan Petrogas Ltd. သည် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-1 တွင် Geotechnical Site Survey (GTI) တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV- Mariner ဖြင့် မတ် ၈ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geotechnical Site Survey (GTI) တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် တည်နေရာဧရိယာမှာ Point A မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၆ မိနစ် ၄၆ ဒသမ ၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၂ မိနစ် ၂၃ ဒသမ ၇၂ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၆ မိနစ် ၄၄ ဒသမ ၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၄ မိနစ် ၃၈ ဒသမ ၁၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄ မိနစ် ၃၄ ဒသမ ၁၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၄ မိနစ် ၃၅ ဒသမ ၆၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄ မိနစ် ၃၆ ဒသမ ၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၂ မိနစ် ၂၁ ဒသမ ၃၀ စက္ကန့်အတွင်းတွင်ဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-1 တွင် Geotechnical Site Survey (GTI) တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV- Mariner ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန် ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း၊ ငါးဖမ်းကိရိယာများ၏ အထောက်အကူပြု ပစ္စည်းများ(ဝါးပိုးဝါးများ သွယ်တန်းစိုက်ထားခြင်း)နှင့် ကျားပိုက်များသွယ်တန်းထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့နေ အဘွား ဒေါ်ညွန့်ညွန့် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) ၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ သံဃာရေချိုးခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၁၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။** (သတင်းစဉ်)

## ရွှေနေချုပ်ရုံးဓမ္မာရုံ၌ ဒသမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်မည်

**ရန်ကုန် မတ် ၁**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ဗဟန်း(၂)လမ်းထောင့်ရှိ ရွှေနေချုပ်ရုံး ဓမ္မာရုံ၌ ရွှေနေချုပ်ရုံး ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာ့ နုဂ္ဂဟအသင်းမှ ကြီးမှူး၍ အသက်ကိုးနှစ်မှ ၁၄ နှစ်အရွယ် ကျောင်းသားလူငယ်များအတွက် ဒသမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မတ် ၂၃ ရက်မှ ဧပြီ ၇ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ၈နာရီခွဲအထိ ဓမ္မဒါနအဖြစ် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော ကျောင်းသားလူငယ်များ၏ မိဘ၊ အုပ်ထိန်းသူတို့သည် မတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင်လည်းကောင်း၊ မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် လည်းကောင်း မွန်းတည့် ၁၂နာရီမှ ညနေ ၄ နာရီအတွင်း ဓာတ်ပုံနှစ်ပုံ၊ အိမ်ထောင်စုစာရင်း(သို့မဟုတ်) မှတ်ပုံတင်မိတ္တူတို့နှင့်အတူ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဖုန်း-၂၅၂၅၀၄နှင့် ၃၈၄၂၉၀တို့သို့ရုံးချိန်အတွင်းမေးမြန်းစုံစမ်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

## တောင်ပိုင်းစွန်းဒေသများ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် မတ် ၁

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **နေ့အပူချိန်များမှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်နှင့် အောင်လံမြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** မြိတ်မြို့တွင် သုည ဒသမ ၀၈ လက်မဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။** ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မတ် ၂ရက် ညနေထိခန့်မှန်းချက်။ ။** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။ ။** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။** မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီဖွဲ့စည်း

## လွှတ်တော်ကော်မတီများ၏ ဖွဲ့စည်းခြင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေးများကို သတ်မှတ်ပေးပြီးဖြစ် ကိုယ်စားလှယ်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လွှတ်တော်အတွင်း ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ယုံကြည်ထား

နေပြည်တော် မတ် ၁

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရောက်ရှိနေရာယူသည်။ ၎င်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၄)ဦးရှိသည့်အနက် (၄၃၀)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၀၈)ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်များမှာ-**

(၁) ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍ စိစစ်ရမည်-

(က) နိုင်ငံတော်က ချမှတ်သော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)